
(မြန်မာဘာသာ)

# ကျောင်းသားခေါ်ယူခြင်းလျှောက်လွှာလိုအပ်ချက်များ




学校法人　岡学園

大阪文化国際学校

OSAKA INTERNATIONAL SCHOOL
OF CULTURE AND LANGUAGE

〒530-0035　大阪市北区同心 2－11－12

2-11-12,Doshin,Kita-ku,OSAKA

TEL：81-6-6882-1435

FAX：81-6-6882-1439

http://japanese.ac.jp/

obkg@japanese.ac.jp


OBKG

**1** သတ်မှတ်လူဦးရေ 500ဦး

**1** ကျောင်းဆက်လက်တက်ရန် သင်တန်း

ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ဘွဲ့လွန်တက္ကသိုလ်နှင့် သက်မွေးဝမ်းကျောင်းကောလိပ်များသို့ ဆက်လက်ပညာသင်ကြားရန် တစ်ဦးချင်းစီလူတွေ့ဆွေးနွေးပြီး တက်ရောက်လိုသော ကျောင်းအလိုက် လိုအပ်သော ပြင်ဆင်မှုများ၊ (Interview) လေ့ကျင့်မှုများကိုလည်း အသေးစိတ် တစ်ဦးချင်း လမ်းညွှန်သင်ကြားပေးပါသည်။

**2** အလုပ်ဝင်ရန်အတွက် သင်တန်း

ဂျပန်ကုမ္ပဏီတွင် အလုပ်ဝင်လုပ်ရန် သင်တန်းဖြစ်သည်။ ဂျပန်တွင် အလုပ်ရရန် ကျွန်ုပ်တို့ ပံ့ပိုးပေးပါသည်။ ဂျပန်ဘာသာအပြင် ကိုယ်ရေးရာဇဝင်ရေးသားခြင်း၊ အလုပ်အင်တာဗျူးလေ့ကျင့်ခြင်း၊ ဂျပန်နိုင်ငံရှိ စီးပွားရေးအမူအကျင့်များနှင့် လုပ်ငန်းအခြေအနေများတွင် အသုံးပြုသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဂျပန်ဘာသာ ဆိုင်ရာစကားသင်ခန်းစာများကိုလည်း ပေးပါသည်။

**2** ကျောင်းဝင်ခွင့်ကာလ 《ကျောင်းတက် ကာလ》

| သင်တန်း | ကျောင်းဝင်ခွင့်ကာလ | သင်တန်းကာလ | လျှောက်လွှာပိတ်ရက် | သတ်မှတ်လူဦးရေ |
|---|---|---|---|---|
| ကျောင်းဆက်လက်တက်ရန် သင်တန်း | ဧပြီလ | ၂နှစ် | ၁၁လပိုင်းလဆန်း | ၈၇ ဦး |
| | ဇူလိုင်လ | ၁ နှစ်နဲ့ ၉ လကြာ | ၂လပိုင်းလဆန်း | ၂၀၇ ဦး |
| | အောက်တိုဘာလ | ၁ နှစ်နဲ့ ၆လကြာ | ၅လပိုင်းလဆန်း | ၈၅ ဦး |
| | အောက်တိုဘာလ | ၁ နှစ် | ၅လပိုင်းလလယ် | ၃၈ ဦး |
| အလုပ်ဝင်ရန်အတွက် သင်တန်း | ဧပြီလ | ၂နှစ် | ၁၁လပိုင်းလဆန်း | ၄၇ ဦး |
| | ဇူလိုင်လ | ၁ နှစ်နဲ့ ၉ လကြာ | ၂လပိုင်းလဆန်း | ၃၆ ဦး |

※ဂျပန်စာ ၁ နှစ်သင်တန်းမှာ မိတ်ဖက်ကျောင်းကောလိပ်သို့ တက်ရောက်ရန် ရည်ရွယ်ထားသူများအတွက် ရည်ရွယ်သည့် သင်တန်းဖြစ်ပါသည်။

**3** လျှောက်ထားရန်အရည်အချင်းသတ်မှတ်ချက်

（1） (၁၂) နှစ်သင် အခြေခံပညာရေးကို ပြီးမြောက်အောင်မြင်ထားသူ ဖြစ်ရမည်။

（2） တရားဝင်လုပ်ထုံးလုပ်နည်းများအတိုင်း ဂျပန် ပြည်ဝင်ခွင့်ရရှိရန် အလားအလာရှိသူ ဖြစ်ရမည်။

（3） ကာယကံရှင်ကိုယ်တိုင် သို့မဟုတ် မိသားစုဝင်များက ကုန်ကျစရိတ်ထောက်ပံ့နိုင်စွမ်းရှိသူ ဖြစ်ရမည်။

ကျောင်း၏ ရွေးချယ်မှုစံနှုန်းများနှင့် ကိုက်ညီသူ ဖြစ်ရမည်။

**4** အတန်းချိန်

တနင်္လာနေ့မှ သောကြာနေ့အထိ

နံနက်ပိုင်းအတန်း - ၉:၀၀ ~ ၁၂:၄၀ ၊ မွန်းလွဲပိုင်းအတန်း - ၁၃:၁၀ ~ ၁၆:၅၀

**5** စိစစ်ရွေးချယ်မှု နည်းလမ်း

စာရွက်စာတမ်း စိစစ်ခြင်း၊ အွန်လိုင်းလူတွေ့စစ်ဆေးခြင်း၊ လူကိုယ်တိုင်လူတွေ့စစ်ဆေးခြင်း နှင့် ရေးဖြေစာမေးပွဲ စသည်တို့ဖြင့် စိစစ်ရွေးချယ်ပါမည်။

**★လျှောက်ထားခြင်းမှ ကျောင်းဝင်ခွင့်ရရှိသည်အထိ လုပ်ငန်းစဉ်**

1．လျှောက်ထားသူထံမှ လျှောက်လွှာစာရွက်စာတမ်းများ တင်သွင်းခြင်းနှင့် ဗီဇာလျှောက်လွှာကြေးပေးသွင်းခြင်း။

2．ကျောင်းတွင်း စာရွက်စာတမ်းနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ပြီး အောင်မြင်မှု ရှိ/မရှိ (ရလဒ်) ကို အကြောင်းကြားခြင်း။

3．ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှဗီဇာ စိစစ်ခြင်း။

4．ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ကျောင်းသို့ (COE) ထုတ်ပေးခြင်း။

5．ကျောင်းမှ (COE) လက်မှတ်ကို လက်ခံရရှိပြီးနောက်၊ လျှောက်ထားသူထံသို့ ရလဒ်ကို အကြောင်းကြားခြင်းနှင့် ကျောင်းလခများ ပေးသွင်းခြင်း။

6．ကျောင်းလခပေးသွင်းပြီးနောက်၊ (COE) နှင့် **ကျောင်းဝင်ခွင့်လက်မှတ် (**Admission Certificate) တို့ကို လျှောက်ထားသူထံသို့ ပေးပို့ခြင်း။

7．မိမိနိုင်ငံရှိ **ဂျပန်သံရုံး**တွင် **ဗီဇာ (**VISA) လျှောက်ထားရယူခြင်း။

8．ဗီဇာ (VISA) ရရှိပြီးနောက် ဂျပန်နိုင်ငံသို့ လာရောက်ခြင်းနှင့် ကျောင်းဝင်ခြင်း။

※လျှောက်လွှာတင်သည့်အချိန်မှ **ဗီဇာ** ရရှိသည်အထိ **၅ လမှ ၆ လခန့်** ကြာမည် ဖြစ်သည်။

6 ပညာသင်ဆု အစီအစဉ်များ

I ：OBKG ပညာသင်ဆု （ကျောင်းတွင်း）

အထူးချွန်ဆုံးကျောင်းသားများနှင့် စာကြိုးစားလိုစိတ်ထက်သန်သော ကျောင်းသားများကို ဦးတည်၍ အများဆုံး **ယန်း ၁၂ သောင်း (120,000 JPY)** အထိ ပညာသင်ဆုကြေးငွေ ထောက်ပံ့ပေးပါမည်။

① **JLPT N2 အောင်မြင်ခြင်း** : ယန်း ၃ သောင်း (30,000 JPY)

② **JLPT N1 အောင်မြင်ခြင်း** : ယန်း ၄ သောင်း (40,000 JPY)

③ **EJU ရမှတ် ၃၀၀ နှင့်အထက်** : ယန်း ၅ သောင်း (50,000 JPY)

④ **BJT J2 နှင့်အထက်** : ယန်း ၅ သောင်း (50,000 JPY)

ပညာသင်ဆု**ထုတ်ပေးမည့်ကာလ** : စက်တင်ဘာလ နှင့် ဖေဖော်ဝါရီလ

II ：နိုင်ငံတကာ ကျောင်းသား ပညာသင်ဆု စနစ် （JASSO） တစ်လလျှင် ယန်း ၃၀၀၀၀×၁၂ လ။

7 ကျောင်းသားများလိုအပ်သောစာရွက်စာတမ်းများ

| No | စာရွက်စာတန်း | သတိပြုရန် |
|---|---|---|
| 1 | ကျောင်းဝင်ခွင့်လျှောက်လွှာပုံစံ | （ကျောင်းမှသတ်မှတ်ပုံစံ、 ကျောင်းသားလက်ရေး) |
| 2 | ကိုယ်ရေးအကျဉ်း | ကျောင်းမှသတ်မှတ်ထားသောပုံစံ၊ ကျောင်းသားကိုယ်တိုင်ရေးသားချက် |
| 3 | နောက်ဆုံးကျောင်း၏ဘွဲ့လက်မှတ်(သို့မဟုတ်) ကျောင်းဆင်း၊ ကျောင်းတက်ဆဲထောက်ခံစာ စသည် | မူလတန်းကျောင်းဝင်သည့်အသက်က ပုံမှန်မဟုတ်လျှင် ရှင်းလင်းချက်လိုအပ်သည်။ |
| 4 | ပညာသင်ရည်ရွယ်ချက် | ကျောင်းသတ်မှတ်စာရွက်တွင်ကျောင်းသားကိုယ်တိုင် ပညာသင်လိုသည့်ရည်ရွယ်ချက်၊လှုံ့ဆော်မှုနှင့်ကျောင်းပြီးနောက်အစီအစဉ်ကို ရှင်းလင်းစွာဖော်ပြရန်။ |
| 5 | ဂျပန်စာအောင်လက်မှတ်ကော်ပီ | လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှထုတ်ပြန်သတ်မှတ်ထားသော ဂျပန်ဘာသာစကားကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းများ။ |
| 6 | ဓာတ်ပုံ （3cm×4cm） ၈ပုံ | 3 လအတွင်းဓာတ်ပုံ(ကျောဖက်တွင် နာမည်ရေးရန်) |
| 7 | နိုင်ငံကူးလက်မှတ် မိတ္တူ （ရေးသားစာမျက်နှာအားလုံး） | ကိုင်ဆောင်ထားသူ |
| 8 | အလုပ်ထောက်ခံစာ | အလုပ်လုပ်ဖူးသူသာ။ ဂျပန်ဘာသာပြန်ရန်။ |

8 ငွေကြေးပံ့ပိုးသူ၏လိုအပ်သောစာရွက်စာတမ်းများ

| No | စာရွက်စာတန်း | သတိပြုရန် |
|---|---|---|
| 1 | ငွေကြေးပံ့ပိုးသောစာရွက်စာတမ်း | ကျောင်းသတ်မှတ်ပုံစံ၊ စရိတ်တာဝန်ယူသူကိုယ်တိုင်ရေးသားချက် |
| 2 | ငွေစုဘဏ်အကောင့် အထောက်အထားစာရွက် | （USD 20,000 နှင့်အထက်、ဂျပန်ယန်းနှင့် ပြည်တွင်းသုံးငွေလက်ခံပါသည်။） |
| 3 | ဘဏ်စာအုပ်၏စာမျက်နှာအားလုံးမိတ္တူ | （ငွေစုစာရင်းရဲ့ဝင်ငွေထွက်ငွေစာရင်းရှင်းလင်းချက်စာရွက်) |
| 4 | ကျောင်းသားနှင့်ငွေကြေးပံ့ပိုးသူရဲ့ကြားမိသားစုအထောက်အထား | အိမ်ထောင်စုစာရင်း၊သန်းခေါင်စာရင်း၊ဆွေမျိုးတော်စပ်မှုထောက်ခံစာ စသည်(ဂျပန်ဘာသာပြန် ပူးတွဲတင်ပြရန်) |
| 5 | ငွေကြေးထောက်ပံ့သူ၏အလုပ်ထောက်ခံစာ | (ဂျပန်ဘာသာပြန် ပူးတွဲတင်ပြရန်) |
| 6 | ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူများအတွက်လုပ်ငန်းလိုင်စင်မှတ်ပုံတင်မိတ္တူ။ | ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူများ |
| 7 | ပြီးခဲ့သည့် 1 နှစ်စာ ဝင်ငွေအထောက်အထား | (ဂျပန်ဘာသာပြန် ပူးတွဲတင်ပြရန်) |
| 8 | ပြီးခဲ့သည့် 1 နှစ်စာ အခွန်ပေးချေမှု လက်မှတ် | (ဂျပန်ဘာသာပြန် ပူးတွဲတင်ပြရန်) |
| 9 | သန်းခေါင်စာရင်းမိတ္တူ (သို့မဟုတ်) နိုင်ငံခြားသားမှတ်ပုံတင် | မိသားစုဝင်အားလုံးအမည်ရေးသားထားရမည်။(စပွန်စာက ဂျပန်တွင်နေထိုင်သည့်အခါ) |

※ဘွဲ့လက်မှတ်၊ ဂျပန်စာမေးပွဲအောင်လက်မှတ်၊ လုပ်ငန်းလိုင်စင်မိတ္တူ စသည့်(COE) ထုတ်ပေးပြီးနောက် ပြန်လည်ပေးအပ်ပါမည်။ အခြားသော စာရွက်များကိုမူ ပြန်လည်ပေးအပ်မည်မဟုတ်ပါ။

## ၉ ကျောင်းလစာနှင့် အဆောင်ခ

・ပထမနှစ် (သင်တန်းအားလုံး)

| | |
|---|---|
| စာရွက်စာတန်းကြေး(စာရွက်စာတန်းတင်ချိန်)။ | ၂၀, ၀၀၀ ယန်း |
| ကျောင်းဝင်ကြေး | ၁၀၀, ၀၀၀ယန်း |
| ဖတ်စာအုပ်ကြေး | ၂၀, ၀၀၀ယန်း |
| သင်တန်းကြေး | ၇၂၀, ၀၀၀ ယန်း |
| အဆောက်အဦးသုံးခ | ၁၀၀, ၀၀၀ယန်း |
| ကျောင်းသားအာမခံကြေး | ၅, ၀၀၀ယန်း |
| စုစုပေါင်း | ၉၆၅, ၀၀၀ယန်း |

※ကျန်းမာရေးအာမခံကြေးအတွက် ပထမနှစ်အတွက် ၃၀, ၀၀၀ ယန်းကိုဂျပန်နိုင်ငံသို့ ရောက်ရှိပြီးနောက် ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။
ဒုတိယနှစ်အတွက်မူ မိမိကိုယ်တိုင် ထပ်မံပေးသွင်းရမည်ဖြစ်သည်။

・ဒုတိယနှစ်

| သင်တန်းအမည် (သင်တန်းကာလ) | ကျောင်းဆက်တက်ရန်အတန်း။ အလုပ်ရှာသည့်အတန်း။ (၂ နှစ်) | ကျောင်းဆက်တက်ရန်အတန်း။ အလုပ်ရှာသည့်အတန်း။ (၁ နှစ် ၉ လ) | ကျောင်းဆက်တက်ရန်အတန်း။ (၁ နှစ် ၆ လ) |
|---|---|---|---|
| စာအုပ်ဖိုး(သင်ထောက်ကူစာရွက်စာတန်းများ) | ၂၀, ၀၀၀ ယန်း | ၁၅, ၀၀၀ ယန်း | ၁၀, ၀၀၀ ယန်း |
| ကျောင်းလခ | ၇၂၀, ၀၀၀ ယန်း | ၅၄၀, ၀၀၀ ယန်း | ၃၆၀, ၀၀၀ ယန်း |
| အဆောက်အဦးအသုံးပြုခ | ၅၀, ၀၀၀ ယန်း | ၄၀, ၀၀၀ ယန်း | ၃၀, ၀၀၀ ယန်း |
| အထွေထွေအာမခံ။ | ၅, ၀၀၀ ယန်း | ၅, ၀၀၀ ယန်း | ၅, ၀၀၀ ယန်း |
| စုစုပေါင်း | ၇၉၅, ၀၀၀ ယန်း | ၆၀၀, ၀၀၀ ယန်း | ၄၀၅, ၀၀၀ ယန်း |

≪ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) အထူးသင်တန်း (လူမှုရေး၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ) (ဆန္ဒရှိသူများသာ) ≫
အထူးသင်တန်း သင်တန်းကြေး အောက်ပါအတိုင်း အပိုဆောင်းထပ်မံပေးသွင်းရပါမည်။

| ဘာသာရပ် | အချိန် | သင်တန်းကာလ | အကြိမ်အရေအတွက် | သင်တန်းကြေး (စာအုပ်ဖိုးအပါ) |
|---|---|---|---|---|
| သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ | ၁ လပိုင်းမှ ၆ လပိုင်းအထိ | ကြာသပတေးနေ့<br>ညနေ ၅ နာရီ ၁၀ မိနစ် မှ ၇ နာရီ ၁၀ မိနစ် အထိ | တစ်ပတ်တစ်ကြိမ်<br>(၂၄ ကြိမ်) | ၃၂, ၀၀၀ ယန်း |
| သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ | ၉ လပိုင်းမှ ၁၁ လပိုင်း | ကြာသပတေးနေ့<br>ညနေ ၅ နာရီ ၁၀ မိနစ် မှ ၇ နာရီ ၁၀ မိနစ် အထိ | တစ်ပတ်တစ်ကြိမ်<br>(၂၄ ကြိမ်) | ၁၅, ၀၀၀ ယန်း |
| လူမှုရေး | ၃ လပိုင်းမှ ၆ လပိုင်း | ကြာသပတေးနေ့<br>ညနေ ၅ နာရီ ၁၀ မိနစ် မှ ၇ နာရီ ၁၀ မိနစ် အထိ | တစ်ပတ်တစ်ကြိမ်<br>(၂၄ ကြိမ်) | ၁၂, ၅၀၀ ယန်း |

| တစ်ယောက်ခန်း | |
|---|---|
| အဆောင်ဝင်ကြေး※<br>※ အထက်ပါဈေးနှုန်းတွင် အသုံးအဆောင်ပစ္စည်းဖိုး၊ သော့လဲလှယ်ခ၊ မီးအာမခံကြေး၊ သန့်ရှင်းရေးခနှင့် အဆောက်အဦးစီမံခန့်ခွဲမှုစရိတ်များ ပါဝင်သည်။ | ၉၀, ၀၀၀ ယန်း |
| အဆောင်ခ (၃ လစာ) | ၁၂၀, ၀၀၀ ယန်း ～ ၁၇၁, ၀၀၀ ယန်း |
| မှတ်ချက် | ရေ/ဂတ်စ်/အင်တာနက်ဖိုး အပါအဝင် |

≪အဆောင်ခ≫

※ အဆောင်နေရန်မှာ မိမိဆန္ဒအတိုင်းဖြစ်သည်။ အဆောင်နေလိုသူများသည် ကျောင်းဝင်ခွင့်လျှောက်လွှာတင်ချိန်တွင်ကြိုတင်အသိပေးရန်။

※ ၄ လမြောက်မှစ၍ လစဉ်အဆောင်ခကို ရုံးခန်းတွင် ပေးချေရန်။

အဆောင် အသုံးအဆောင်ပစ္စည်းများ : အဲကွန်း၊ ရေခဲသေတ္တာ၊ စာကြည့်စားပွဲ၊ ကုလားထိုင်၊ အိပ်ရာခင်းနှင့် စောင်၊ မီးဖိုချောင်သုံးပစ္စည်းများ စသည်ဖြင့်

## 10 **အဆောင်ကြေးပေးရန် နည်းလမ်း**

ကျွန်ုပ်တို့ကျောင်းတွင် ကျောင်းလစာပေးရန် **Flywire** ကို အသုံးပြုပါသည်။

**Flywire** ဝက်ဘ်ဆိုက်မှတစ်ဆင့် မိမိနိုင်ငံသုံးငွေကြေး သို့မဟုတ် ခရက်ဒစ်ကတ်ဖြင့် ပေးချေနိုင်ပါသည်။

※ ဝန်ဆောင်ခကို လျှောက်ထားသူမှ ကျခံရမည်။

※ ဖြည့်စွက်ရမည့်နည်းလမ်းကို **Flywire** ဝက်ဘ်ဆိုက်တွင် စစ်ဆေးပါ။ ဝက်ဘ်ဆိုက်လိပ်စာကို ကျောင်းလစာတောင်းခံလွှာ (**Invoice**) တွင် ဖော်ပြထားသည်။

## 11 ပြန်အမ်းငွေဆိုင်ရာ စည်းမျဉ်းများ

【နေထိုင်ခွင့်လက်မှတ် (COE) မပေးခြင်း ခံရသည့်အခြေအနေ】

လျှောက်လွှာစစ်ဆေးခ စာရွက်စာတန်းကြေး (Screening fee) မှလွဲ၍ ပေးသွင်းထားသော ငွေကြေးအားလုံးကို ပြန်လည်ထုတ်ပေးမည်။

【နေထိုင်ခွင့်လက်မှတ် (COE) ကျသော်လည်း ဗီဇာလျှောက်ထားခြင်းမရှိဘဲ ဂျပန်သို့မလာရောက်တော့သည့်အခြေအနေ】

လျှောက်လွှာစစ်ဆေးခနှင့် ကျောင်းဝင်ကြေးမှလွဲ၍ ပေးသွင်းထားသော ငွေကြေးအားလုံးကို ပြန်လည်ထုတ်ပေးမည်။ သို့သော် ကျောင်းဝင်ခွင့်လက်မှတ်နှင့် နေထိုင်ခွင့်လက်မှတ် (COE) တို့ကို ပြန်လည်ပေးအပ်ရန် လိုအပ်သည်။

【သံရုံး (သို့မဟုတ်) ကောင်စစ်ဝန်ရုံးတွင် ဗီဇာလျှောက်ထားသော်လည်း ငြင်းပယ်ခံရ၍ ဂျပန်သို့ မလာရောက်နိုင်သည့်အခြေအနေ】

လျှောက်လွှာစစ်ဆေးခနှင့် ကျောင်းဝင်ကြေးမှလွဲ၍ ပေးသွင်းထားသော ငွေကြေးအားလုံးကို ပြန်လည်ထုတ်ပေးမည်။ သို့သော် ကျောင်းဝင်ခွင့်လက်မှတ်ကို ပြန်လည်ပေးအပ်ရန်လိုအပ်ပြီး၊ သံရုံး (သို့မဟုတ်) ကောင်စစ်ဝန်ရုံးတွင် ဗီဇာငြင်းပယ်ခံရကြောင်း အတည်ပြုချက်ရယူရန် လိုအပ်သည်။

【ဗီဇာရရှိပြီးဖြစ်သော်လည်း ဂျပန်သို့မလာရောက်မီကျောင်းသားကိုယ်တိုင်က ကျောင်းတက်ရန် ငြင်းပယ်ခဲ့သည့်အခြေအနေ】

လျှောက်လွှာစစ်ဆေးခနှင့် ကျောင်းဝင်ကြေးမှလွဲ၍ ငွေကြေးအားလုံးကို ပြန်လည်ထုတ်ပေးမည်။ သို့သော် ဗီဇာကို အသုံးမပြုထားကြောင်းအတည်ပြုနိုင်ရမည်ဖြစ်ပြီး ကျောင်းဝင်ခွင့်လက်မှတ်ကိုလည်း ပြန်လည်ပေးအပ်ရန် လိုအပ်သည်။

【ဗီဇာရရှိ၍ ဂျပန်သို့ ရောက်ရှိလာသော်လည်း ကျောင်းမတက်ဖြစ်သည့်အခြေအနေ】

မူအားဖြင့် ငွေပြန်အမ်းမည်မဟုတ်ပါ။ သို့သော် ခိုင်လုံသော အကြောင်းပြချက်ရှိသည်ဟု ကျောင်းအုပ်ကြီးက အသိအမှတ်ပြုသော အခြေအနေမျိုးတွင် သင်တန်းကြေးနှင့် အထွေထွေကုန်ကျစရိတ်များ၏ တစ်စိတ်တစ်ပိုင်းကို ပြန်လည်ထုတ်ပေးနိုင်သည်။ သို့ရာတွင် မိမိနိုင်ငံသို့ ပြန်သွားပြီးဖြစ်ကြောင်းနှင့် "ပညာသင် (Student)" နေထိုင်ခွင့်ဗီဇာ ပျက်ပြယ်ကြောင်း အထောက်အထား လိုအပ်သည်။

【ကျောင်းဝင်ခွင့်ရပြီးသော ကျောင်းသားသည် မိမိ၏ ကိုယ်ပိုင်ဆန္ဒအရ ကျောင်းမှထွက်ခြင်း သို့မဟုတ် ကျောင်းပြောင်းခြင်း ပြုလုပ်သည့်အခြေအနေ】

မူအားဖြင့် ငွေပြန်အမ်းမည်မဟုတ်ပါ။ သို့သော် ခိုင်လုံသော အကြောင်းပြချက်ရှိသည်ဟု ကျောင်းအုပ်ကြီးက အသိအမှတ်ပြုသော အခြေအနေမျိုးတွင် သင်တန်းကြေးနှင့် အထွေထွေကုန်ကျစရိတ်များ၏ တစ်စိတ်တစ်ပိုင်းကို ပြန်လည်ထုတ်ပေးနိုင်သည်။သို့ရာတွင် အောက်ပါအချက်များအနက် တစ်ခုခုကို သက်သေပြရန် လိုအပ်သည်။ မိမိနိုင်ငံသို့ ပြန်သွားပြီးဖြစ်ကြောင်း အထောက်အထား (သို့မဟုတ်)အခြားတွင် ကျောင်းတက်နေကြောင်း အထောက်အထား (သို့မဟုတ်)"ပညာသင်" ဗီဇာမဟုတ်သော အခြားနေထိုင်ခွင့်ဗီဇာ အမျိုးအစားသို့ ပြောင်းလဲရရှိထားကြောင်း အထောက်အထား။

【သဘာဝဘေးကြောင့် ကျောင်းပြောင်းရသည့်အခြေအနေ】

ကျောင်းတက်ရောက်ခဲ့သည့် ကာလအပေါ် မူတည်၍ ကျောင်းလခကို ပြန်လည်ထုတ်ပေးမည်။

【ကျောင်းထုတ်ခံရခြင်း သို့မဟုတ် ကျောင်းထုတ်ပယ်ခြင်း ခံရသည့်အခြေအနေ】

မူအားဖြင့် ငွေပြန်အမ်းမည်မဟုတ်ပါ။

## 12 ဂျပန်နေထိုင်မှုအကြောင်း

・ဂျပန်တွင် တစ်လပျမ်းမျှစရိတ်မှာ (စားစရိတ်နှင့် အိမ်လခအပါအဝင်) ယန်း ၉၀,၀၀၀ ခန့်မှ စတင်ပါသည်။

・နိုင်ငံခြားသားကျောင်းသားများသည် အိုဆာကာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ တစ်ပတ်လျှင် ၂၈ နာရီအတွင်း (ကျောင်းပိတ်ရက်ရှည်ကာလများတွင် တစ်ရက်လျှင် ၈ နာရီနှင့် တစ်ပတ်လျှင် ၄၀ နာရီအထိ) သတ်မှတ်ထားသော ဗီဇာပြင်ပလုပ်ငန်းဆောင်ရွက်မှု (အချိန်ပိုင်းအလုပ်) ကို လုပ်ကိုင်နိုင်သည်။

・ဗီဇာပြင်ပလုပ်ငန်းဆောင်ရွက်မှု (အချိန်ပိုင်းအလုပ်) ပြုလုပ်လိုပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် ဗီဇာပြင်ပလုပ်ငန်းဆောင်ရွက်ခွင့်ကို ကြိုတင်လျှောက်ထားရယူရမည်။ ထို့ပြင် အချိန်ပိုင်းအလုပ် စတင်လုပ်ကိုင်သည့်အခါ ကျောင်းရုံးခန်းသို့ မပျက်မကွက် သတင်းပို့ရမည်။

| (Osaka Bunka Kokusai Gakko) ၏ သမိုင်းကြောင်း |
|---|

၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလ - အိုဆာကာ၊ ဆကိုင်းမြို့တွင် စတင်တည်ထောင်ခဲ့သည်။

၁၉၉၁ ခုနှစ် အောက်တိုဘာလ - အိုဆာကာမြို့ ခိတရပ်ကွက် သို့ပြောင်းရွှေ့ခဲ့သည်။

၂၀၀၂ ခုနှစ် ဧပြီလ - ကျောင်းအဖွဲ့အစည်း (Gakko Hojin) Oka Gakuen၊(Osaka Bunka Kokusai Gakko) ကို တည်ထောင်ခဲ့သည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလ - အိုဆာကာ နိုင်ငံတကာအကယ်ဒမီနှင့် ကျောင်းအဖွဲ့အစည်း Oka Gakuen၊ အိုဆာကာ ယဉ်ကျေးမှုနှင့် နိုင်ငံတကာကျောင်းတို့ကို တစ်စုတစ်စည်းတည်း ပေါင်းစည်းခဲ့သည်။

၂၀၁၁ ခုနှစ် ဧပြီလ - အခမဲ့ အလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်မှု လုပ်ငန်း (Free Employment Agency) လုပ်ကိုင်ခွင့် ခွင့်ပြုချက် ရရှိခဲ့သည်။

**၂၀၂၇ ခုနှစ် ဧပြီလ - ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန (MEXT) ၏ အသိအမှတ်ပြု ဂျပန်ဘာသာစကား သင်ကြားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းခံရသည်။**